# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 17, 2020 | Volume 28, Number 10

၁၇.၂.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၈၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၄/- ကျပ် |
| CBM Rate | = ၁၄၄၅.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၉.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၅.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၆.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၂၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၈.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၂၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မြစ်ကြီးနားကျောက်မျက်ပြပွဲ သတ်မှတ်ရက်အတိုင်းကျင်းပမည် ကျန်းမာရေး စစ်ဆေးချက်များကို ပြပွဲစီမံချက်တွင် ထည့်သွင်းထားဟုဆို




မြစ်ကြီးနားကျောက်မျက်ပြပွဲကို သတ်မှတ်ရက်အတိုင်းပြုလုပ်မည်ဟု ကချင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးဒါရှီလဆိုင်းက ပြောသည်။ တရုတ်နိုင်ငံသားများ လာရောက်လေ့လာသည့် ယင်းပြပွဲတွင် ကိုရိုနာ ဗိုင်းရပ်စ်ကာကွယ်ရေးနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေး၊ လုံခြုံရေးနှင့်ကျန်းမာရေး စစ်ဆေးချက်ကို ပြပွဲစီမံချက်တွင် ထည့်သွင်းထားကြောင်း ဦးဒါရှီလဆိုင်းကပြောသည်။ “အခုလ ၂၄ ရက်ကနေ ၂၈ ထိ လုပ်မယ်။ တရုတ်နိုင်ငံသားတွေ ဝင်လာတာ ကတော့ ရှိမယ်။ ဒါပေမဲ့ လက်ချိုးရေလို့ရတဲ့ အနေ အထားပဲ”ဟု ၎င်းကပြောသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်ပြုလုပ်သည့် ကျောက်မျက်ပြပွဲသည် ပြည်တွင်းအဆင့် ကျပ်ငွေဖြင့်ရောင်းချသည့်ပွဲဖြစ်ပြီး နိုင်ငံခြားသားများ ဝယ်ယူနိုင်ခြင်းမရှိဘဲ လေ့လာနိုင်သည့်အဆင့်သာ ခွင့်ပြုထားကြောင်း၊ ကျောက်မျက်ပြပွဲ ပြုလုပ်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုခဲ့ကြောင်း ဦးဒါရှီလဆိုင်းက ဆိုသည်။ ယခင်နှစ်များက ပြုလုပ်ခဲ့သော ကျောက်မျက်ပြပွဲများတွင် ကျောက်အမျိုးအစားခွဲခြား၍ အနိမ့်ဆုံးအဆင့်များသာ ပြသရောင်းချရပြီး ယခုတစ်ကြိမ်ပြပွဲတွင် ကျောက်မျက်အမျိုးအစား အားလုံးရောင်းချနိုင်ရန် ပြည်ထောင်စုအစိုးရက ဖြေလျှော့ပေးခဲ့ကြောင်း ၎င်းကပြောသည်။

“ပထမအကြိမ်တုန်းကတော့ (D) အဆင့်၊ ဒုတိယအကြိမ်မှာတော့ (C, D) အဆင့်ပဲ ပြတဲ့အခါ အသုံးမတည့်တာတွေဖြစ်လာတော့ ဝယ်တဲ့သူတွေ လျော့နည်း သွားတာမျိုး တွေ့ရတယ်။ ဒါကြောင့် သူတို့အနေနဲ့ တင်လာတဲ့ကျောက်စိမ်းတွေကို ဒီနှစ်မှာတော့ အားလုံးအဆင့်မခွဲဘဲ ရောင်းချခွင့်ပြုထားတယ်”ဟု ဦးဒါရှီလဆိုင်းကပြောသည်။ ၂၀၁၈ က ပထမဆုံးအကြိမ် ကျင်းပခဲ့သော မြစ်ကြီးနားကျောက်မျက်ပြပွဲတွင် ကျပ်သိန်းတစ်သောင်းကျော်၊ ၂၀၁၉ မေလတွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကျောက်မျက်ပြပွဲ၌ ကျပ်ခြောက်ဘီလီယံကျော်ရောင်းချခဲ့သည်။

**Source:** https://7day.news --178854

## ရေစကြိုမြို့နယ်တွင် ဈေးကွက်ကောင်းမွန်သည့် အိန္ဒိယဒန့်သလွန်ပင်များ စိုက်ပျိုးလာ



ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဈေးကွက်ကောင်းမွန်သည့် အိန္ဒိယဒန့်သလွန်ပင်များကို စိုက်ပျိုးမှုများလာသည်။ "ကျွန်တော်ကတော့ အိန္ဒိယမျိုးဒန့်သလွန်ပင် ဧက ၂၀ စိုက်ထားတယ်။ စစိုက်ပြီး သုံးလဆို စသီးပါတယ်။ ခြောက်လဆို အသီးစုံရင် ရန်ကုန်ကဒိုင်တွေဆီမှာရောင်းရတယ်။ ဒန့်သလွန်သီးတောင့်ကောင်းရင်ကောင်းသလို ဈေးကောင်းရတယ်။ ပခုက္ကူဘက်မှာလည်း အသုံးများတယ်။ အိန္ဒိယဒန့်သလွန်ကို လူကြိုက်များတယ်ဆိုတော့ စိုက်ဖြစ်တာပါ "ဟု ဒန့်သလွန်သီးစိုက်တောင်သူ ဦးမြသင်းကပြောသည်။ ၆၀ မှ ၁၀၀ ခန့်အထိ သီးရေစကြိုမြို့မှ ဒန့်သလွန်စိုက်ပျိုးသူများသည် ရန်ကုန်မြို့ရှိ ဒန့်သလွန် သီးအဝယ်ဒိုင်တွင် ဒန့်သလွန်သီးတစ်တောင့်လျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ အထိ ရောင်းချရကြောင်း သိရသည်။ အိန္ဒိယဒန့်သလွန်မျိုးများသည် စတင်စိုက်ပျိုးပြီး သုံးလရှိပါက အသီးစတင်သီးကြောင်းသိရသည်။ အပင်တစ်ပင်လျှင် တစ်ကြိမ် သီးပါက အသီးတောင့် ၆၀ မှ ၁၀၀ ခန့်အထိ သီးနိုင်ပြီး အသီးတောင့်တစ်တောင့်လျှင် အရှည်နှစ်ပေခန့်ရှိကြောင်း သိရသည်။ စိုက်ပျိုးမြေတစ်ဧကလျှင် အပင် ၆၃၀ ခန့်စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေကောင်း စွာပေးနိုင်ပါက တစ်နှစ်လျှင် သုံးကြိမ်ခန့်သီးနိုင်သည်။ ဒန့်သလွန်ပင် တစ်ပင်သည် တစ်နှစ်လျှင် ဒန့်သလွန်သီး ၁၈၀ ခန့်မှ ၃၀၀ ခန့်အတွင်း အသီးသီးနိုင်သဖြင့် အသီးဈေးကောင်းရပြီး အသီးသီးနှုန်းကောင်းမွန်သည့် ဒန့်သလွန်ပင်များကို ရေစကြိုမြို့တွင် စိုက်ပျိုးသူများလာကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## အီးယူ GSP မရုပ်သိမ်းခြင်းမှာ မြန်မာပေးထားသောကတိများတည်ရန် အချိန်ပေးခြင်းဖြစ်




အီးယူ၏ ကုန်သွယ်မှုအထူးအခွင့်အရေး (GSP/EBA) မရုပ်သိမ်းခြင်းမှာ ပေးအပ်ထားသည့်ကတိများကိုဖြည့်တင်းနိုင်ရန် အချိန်ပေးခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်မစ္စတာခရစ္စတိန်းရှမစ်ကပြောသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့်မတူဘဲ ကုန်သွယ်မှုအထူးအခွင့်အရေး မရုပ်သိမ်းခံရခြင်းမှာ ဥရောပသမဂ္ဂက မျှော်မှန်းထားချက်များကို မြန်မာဘက်ကဆွေးနွေးညှိနှိုင်းရန် စီစဉ်ပေးခြင်းကြောင့်လည်းဖြစ်သည်ဟု သံအမတ်ကပြောသည်။ "မြန်မာက အကောင်းဘက်ကို ဦးတည်နေတာတွေ့ရပါတယ်။ အထူးသဖြင့်ကလေးသူငယ်အခွင့်အရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တာဝန်ခံမှု၊ ကုလရဲ့တချို့လုပ်ငန်းစဉ်တို့ကို ပူးပေါင်းဆောင်ရွက်တာတွေ့ရပါတယ်"ဟု သံအမတ်က 7Day News Daily အားပြောသည်။

မြန်မာအစိုးရသည် ဒီမိုကရေစီစံနှုန်းများကို ပိုမိုခိုင်မြဲရန် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်မည်ဟု ကြေညာထားခြင်းကြောင့် မြန်မာနိုင်ငံကို အချိန်တိုးမြှင့်ပေးခြင်းဖြစ်သည်ဟု သံအမတ်ကဆိုသည်။ ကုန်သွယ်မှု အထူးအခွင့်အရေး မရုပ်သိမ်းကြောင်းနှင့် မြန်မာနိုင်ငံကို ဆက်လက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ပြီး လူ့အခွင့်အရေးနှင့် အလုပ်သမားရေးဆိုင်ရာကဏ္ဍ ၁၀ ခုတွင် တိုးတက်မှုရှိရန် စောင့်ကြည့်မည်ဟု ဥရောပသမဂ္ဂက ဖေဖော်ဝါရီ ၁၂ ရက် တွင် ထုတ်ပြန်သည်။ ကုန်သွယ်မှုအထူးအခွင့်အရေးဆိုသည်မှာ မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံသို့ လက်နက်ခဲယမ်းမှအပ မည်သည့် ကုန်ပစ္စည်းမဆို အခွန်ကင်းခွင့်ဖြင့်တင်ပို့နိုင်သည်။ ဥရောပသမဂ္ဂက မြန်မာနိုင်ငံသို့ ၂၀၁၃ တွင် ထိုအခွင့်အရေးကို ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၈ တွင် ဥရောပသို့ ကုန်ပစ္စည်းယူရို ၂ ဒသမ ၂ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး ထိုအခွင့်အရေးကြောင့် ယူရိုသန်း ၂၅၀ ကျော် သက်သာရသည်ဟု အီးယူကဆိုသည်။

**Source:** https://7day.news/178932

## အိန္ဒိယနှင့်ကပ်လျက်ရှိသည့် ပန်ဆောင်မြို့တွင် နယ်စပ်ဈေးဖွင့်ရန်ရှိ



အိန္ဒိယနှင့်ကပ်လျက်ရှိသော ပန်ဆောင်မြို့တွင် နယ်စပ်ဈေးဖွင့်လှစ်ရန်စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။ ဖေဖော်ဝါရီ ၁၄ ရက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှက နန်းယွန်းမြို့နယ်ရှိ ပြည်သူများလူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဈေးဖွင့်လှစ်ပေးရန် အစီအမံများကို မေးမြန်းခဲ့ရာ ယင်းသို့ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဈေးကို ပန်ဆောင်မြို့တွင်ဖွင့်လှစ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက်က အစည်းအဝေးပြုလုပ်ကာ နယ်စပ်ဈေးထူထောင်ရေးဆိုင်ရာအခြေခံမူများ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ ''ပန်ဆောင်မြို့မှာ နယ်စပ်ဈေးဖွင့်လှစ်ရန်ရှိပြီး နယ်စပ်ဈေးများစီမံခန့်ခွဲမှု နည်းလမ်းကို နှစ်နိုင်ငံအပြန်အလှန် အတည်ပြုပြီးတာနဲ့အကောင်အထည်ဖော်မှာဖြစ်ပါတယ်'' ဟု ဒုတိယဝန်ကြီးကပြောသည်။ ပထမအကြိမ် မြန်မာ-အိန္ဒိယ-နယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေးကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၈ ရက်ကကျင်းပခဲ့ပြီး သဘောတူညီချက်အရ မြန်မာ-အိန္ဒိယ နယ်စပ်တစ်လျှောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးနေရာနှင့် ချင်းပြည်နယ်အတွင်းနေရာ ငါးနေရာတို့၌ နယ်စပ်ဈေးများဖွင့်လှစ်ရန် မူအားဖြင့် သဘောတူညီခဲ့ကြကြောင်း ၎င်းကပြောသည်။ ထို့ပြင် မြန်မာ-အိန္ဒိယနယ်စပ်တွင် နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေ ၂၈ ရက်က နေပြည်တော်၌လက်မှတ်ရေးထိုးခဲ့ပြီး ယင်းနားလည်မှုစာချွန်လွှာအရ စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့တွင် နယ်စပ်ဈေးကနဦးဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံဘက်က အဆိုပြုလာခဲ့ခြင်းဖြစ်ကြောင်း ဒုဝန်ကြီးကဆက်လက်ပြောသည်။ ပန်ဆောင်မြို့သည် နယ်စပ်ဈေးဖွင့်လှစ်ရန် လုံခြုံရေးဆိုင်ရာကိစ္စများ အထူးဆောင်ရွက်ရန်မလိုအပ်ခြင်း၊ အခြေခံအဆောက်အအုံများ အရန်သင့်ရှိနေခြင်းအပြင် နယ်နိမိတ်တိကျစွာတိုင်းတာပြီးဖြစ်၍ နယ်စပ်ဈေး ဖွင့်လှစ်ရန်အဆင်ပြေကြောင်း ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135355.html

## ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းကို CITIC က ရှယ်ယာရာခိုင်နှုန်း ၇၀ ၊ မြန်မာဘက်က ရာခိုင်နှုန်း ၃၀ ဖြင့် အဆင့်လိုက်ဆောင်ရွက်မည်ဖြစ်ပြီး ပထမအဆင့် ဒေါ်လာ ၁ ဒသမ ၃ ဘီလျံဖြင့် စတင်အကောင်အထည်ဖော်ရန် ညှိနှိုင်းလျက်ရှိ



ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို တရုတ်နိုင်ငံ CITIC Consortium မှ ရှယ်ယာရာခိုင်နှုန်း ၇၀၊ မြန်မာဘက်က ရာခိုင်နှုန်း ၃၀ ဖြင့် အဆင့်လိုက်ဆောင်ရွက်မည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ဒေါ်လာ ၁ ဒသမ ၃ ဘီလျံဖြင့် စတင်အကောင်အထည်ဖော်ရန် ညှိနှိုင်းလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို မြန်မာစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဧရိယာ ၄၂၈၉ ဒသမ ၃၂ ဧကကို သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းအနက် ရေနက်ဆိပ်ကမ်းအတွက်

ဖ၀၇ ဒသမ ၈၈ ဧက၊ စက်မှုဇုန်စီမံကိန်းအတွက် ၂၄၄၆ ဒသမ ၀၇ ဧကနှင့် အဆင့်မြင့်အိမ်ရာ စီမံကိန်းအတွက်၁၂၃၅ ဒသမ ၃၇ ဧကတို့ ပါဝင်ကြောင်း၊ အဆိုပါဧရိယာအနက် မြေသိမ်းဆောင်ရွက်ရမည့် ၁၈၃၂ ဒသမ ၁၅ ဧကအတွက် မြေသိမ်းအက်ဥပဒေပုဒ် ၄ ပုဒ်မခွဲ (၁) အရ ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခဲ့ပြီး မြေသိမ်းကော်လိတ္တော် အရာရှိအဖြစ် အပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူးက ယင်းကိစ္စအပေါ်တွင် ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းမူဘောင် သဘောတူညီချက် (Framework Agreement) ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် နေပြည်တော်၌ ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် CITIC Consortium တို့ အပြန်အလှန် လက်မှတ်ရေးထိုး ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ယာများနှင့် သက်ဆိုင်သော သဘောတူစာချုပ်တို့ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး စာချုန်လွှာများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်တွင် လဲလှယ်ခဲ့ကြကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းတို့ကို တရုတ်နိုင်ငံ CITIC Consortium နှင့် မြန်မာဘက်မှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ၄၂ ခုပါဝင်သော မြန်မာ-ကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုး(လ်)ဒင်းကုမ္ပဏီအုပ်စုများနှင့် သက်ဆိုင်သောကုမ္ပဏီတို့ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ အထူးစီးပွားရေးဇုန်သုံးခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူး စီးပွားရေးဇုန်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့မှ ဆောင်ရွက်နေမှုအခြေအနေတို့ကို မေးမြန်းခဲ့ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားသည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ပထမအဆင့် ဒေါ်လာ ၁ဒသမ ၃ ဘီလျံ ရင်းနှီးမြှုပ်နှံမှုဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပြီး စီးပွားရေးအရတွက်ခြေကိုက်မှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းအခြေအနေအပေါ် တရုတ်ဘက်ကသဘောတူညီထားကြောင်း အထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က The Daily Eleven သတင်းစာသို့ပြောကြားသည်။

“ရင်းနှီးမြှုပ်နှံမှုက အချိုးအစားအလိုက်ပဲ၊ ပထမအဆင့်က ဒေါ်လာ ၁ ဒသမ ၃ ဘီလျံပေါ့။ ဟိုတုန်းက ၇ ဒသမ ၃ ဘီလျံဆိုတာ သင်္ဘောဆိပ်ကြီးနှစ်ခု။ သင်္ဘောဆိပ်တစ်ခုကို ဆိပ်ခံတံတားခြောက်ခု၊ နောက်တစ်ခုက လေးခု၊ အဲလို အကြီးကြီးပေါ့လေ။ အခုတော့ သင်္ဘောဆိပ်ကို ပထမသင်္ဘောဆိပ်မှာ ဆိပ်ခံ တံတားခြောက်ခုကနေ နှစ်ခုလောက်လုပ်ပြီးတော့ ကနဦးကုန်ကျစရိတ်ကို ဒေါ်လာ ၁ ဒသမ ၃ ဘီလျံလောက်ရှိမှာပေါ့။ နှစ်ခုစလုံးကို အပြည့်ဆောက် လိုက်ရင်တော့ ဒေါ်လာ ၇ ဒသမ ၃ ဘီလျံလောက် ကုန်မှာပေါ့။ အခုတော့ ကနဦး ကုန်ကျစရိတ်ကို ၁ ဒသမ ၃ ဘီလျံလောက် ကုန်မယ်လို့ခန့်မှန်းပါတယ်။ Ward နှစ်ခုလုပ်ပြီးရင် ဒီမှာ Operation Costs ကိုက်တယ်ဆိုရင်တော့ ဆက်လုပ်မှာပေါ့။ အဆင့်ဆင့်သွားမှာဖြစ်ပါတယ်။ အရင်လုပ်တာ အရင်သုံးကြည့်မယ်၊ အသေးလေးတွေလေ။ စီးပွားရေးအခြေအနေအရပေါ့။ ကိုက်ရင်ဆက်လုပ်မယ်ပေါ့။ တရုတ်ဘက်ကလည်း သဘောတူပါတယ်။ ဆင့်ကဲဆင့်ကဲသွားမှာပေါ့” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

**Source:** https://news-eleven.com/article/159625

## မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်လည်အသက်ဝင်လာ

အဆုတ်ရောင်ရောဂါ (ကိုရိုနာဗိုင်းရပ်စ်) ဖြစ်ပွားမှုကြောင့် ရပ်တန့်လုနီးပါးဖြစ်ခဲ့သော မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်လည်အသက်ဝင်လာပြီး တစ်ရက်လျှင် ကန်ဒေါ်လာသုံးသန်းဖိုးခန့် ကုန်သွယ်မှုပြန်လည်လုပ်ကိုင်လာနိုင်ကြောင်း မူဆယ် ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးနန္ဒကပြောသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် တရုတ်နှစ်သစ်ကူးပိတ်ရက်အပြီး တစ်ရက်လျှင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာငါးသိန်းအထိ ကျဆင်းခဲ့ပြီးနောက် ဖေဖော်ဝါရီလလယ်တွင် ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ သို့သော် ကုန်သွယ်မှုတန်ဖိုးသည် ပုံမှန်အချိန်နှင့်နှိုင်းယှဉ်လျှင် ၈၀ ရာခိုင်နှုန်း

ခန့်လျော့နည်းကာ တစ်ရက်လျှင် ဒေါ်လာ ၁၅ သန်း မှ သန်း ၂၀ အကြားရှိနေသည်။



လက်ရှိအချိန်တွင် မူဆယ် နယ်စပ်မှ တရုတ်နိုင်ငံသို့တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၄၀၀ ခန့် အဝင်အထွက် ပြုလုပ်လာသည်။ ပုံမှန်အချိန်တွင် မူဆယ်မှ တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ တစ်ထောင်ကျော် အဝင်အထွက်ရှိကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ "ကုန်သွယ်ရေးလမ်းကြောင်းလေးနည်းနည်းလေး ပြန်ကောင်းလာတယ်" ဟု ဦးနန္ဒက ဆိုသည်။ လက်ရှိမူဆယ်မြို့မှ သခွားမွေး၊ ဆန်၊ ပြောင်းဖူးစေ့စသည့် ကုန်စည်များကို တရုတ်နိုင်ငံသို့ စတင်ပို့နေကြောင်း ၎င်းကဆိုသည်။

မြန်မာနယ်စပ်ဝင်ထွက်ပေါက်များတွင်လည်း တရုတ်နိုင်ငံမှ အကောက်ခွန်ဝန်ထမ်းများ တာဝန်စတင်ထမ်းဆောင်ပြီး ကုန်သွယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်နေသည်ဟု ၎င်းကပြောသည်။ ထို့အပြင် ယူနန်ပြည်နယ် မြန်မာနယ်စပ်အနီး ရွှေလီမြို့ဝန်းကျင်ရှိ စက်ရုံအလုပ်ရုံများသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် လုပ်ငန်းများပြန်လည်စတင်နိုင်မည်ဟု တရုတ် ကုန်သည်များက ခန့်မှန်းပြောကြားကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကဆိုသည်။ "စက်ရုံတွေ ပြန်ဖွင့်မယ်၊ လုပ်ငန်းတွေ ပြန်စတော့မယ်လို့ဆိုပြီး တရုတ်ကုန်သည်တွေက ပြောနေကြတယ်" ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ အသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောကြားသည်။

**Source:** https://7day.news/-178900



## မြန်မာလုပ်သားများ တရုတ်နယ်စပ်ဝန်းကျင်၌သာ အလုပ်လုပ်ခြင်းသည် ဗိုင်းရပ်စ်ကူးစက်မခံရခြင်း၏ အကြောင်းအချက်တစ်ခုဖြစ်ဟုဆို

မြန်မာလုပ်သားများ တရုတ်နယ်စပ်ဝန်းကျင်၌သာ အလုပ်လုပ်ကိုင်ခြင်းသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမရှိခြင်း၏ အကြောင်းအချက်တစ်ခုဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနဌာနမှူး ဒေါက်တာတင်မောင်ညွှန့်ကပြောသည်။ ''ဆရာတို့လူမျိုးတွေ အဓိက အလုပ်သမားတွေက ကျယ်ဂေါင်နဲ့ ရွှေလီနားအထိပဲလုပ်တာဖြစ်တဲ့အတွက် ဒီအလုပ်သမား တစ်သိန်း လောက်က ခြံတွေ၊ စိုက်ပျိုးရေးတွေ၊ အလုပ်ရုံတွေမှာသာ လုပ်တဲ့အတွက် ကူးစက်ဖို့ အတော်လေးနည်းတယ်။ ဆရာတို့ဘက်ကို ပြန်လာတဲ့သူတွေ ကလည်း တရုတ်နိုင်ငံသား ရောဂါပိုးရှိတဲ့သူ သိပ်မတွေ့ရဘူး။ ထိစပ်မှု မရှိတဲ့အတွက် ဆရာတို့ နိုင်ငံဘက်ကို ခုချိန်ထိမရောက်သေးဘူးလို့သုံးသပ်တယ်''ဟု ၎င်းက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွား၊ ပျံ့နှံ့မှုမရှိသေးခြင်းမှာ အပူချိန်များခြင်းကြောင့်လည်း ဖြစ်နိုင်ခြေများသည့်အပြင် ကိုရိုနာဗိုင်းရပ်စ်ပိုးအစပြုသော ဝူဟန်မြို့အပါအဝင် တရုတ်ပြည်အလယ်ပိုင်း၌ မြန်မာအလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်မှု နည်းပါးခြင်းနှင့် မြန်မာသို့ ပြန်လာသည့် တရုတ်နိုင်ငံသားများမှာလည်း ရောဂါပိုး သယ်ဆောင်လာသူများ မဟုတ်ခြင်းကြောင့် ရောဂါပိုးကူးစက်ခံရမှုမရှိခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

''ရောဂါဖြစ်ပွားမှုကို ပြန်ကြည့်မယ်ဆိုရင် ရောဂါဖြစ်ပွားတဲ့နေရာ ကူးစက်မှုစတင်တဲ့ ကူးစက်ဗဟိုမှာရှိတဲ့ပိုးက ပိုပြီးတော့ ကူးစက်နှုန်းလည်းပြင်းတယ်၊ ပိုပြီးတော့လည်းပြင်းထန်တယ်။ နောက်ပိုင်းတဖြည်းဖြည်းကူးလာတာတွေကို ပြန်ပြီး သုံးသပ်ကြည့်တာ WHO ရော၊ ကျန်တဲ့ ကျန်းမာရေး ပညာရှင်တွေပါ သုံးသပ်တယ်။ ဒီပြင်နေရာမှာ ကူးစက်လာတဲ့သူ၊ ကူးစက်ခံရတဲ့သူနဲ့ ဝူဟန်မြို့အလယ်ကောင်မှာ တကယ်ဖြစ်ပြီးတော့ ကူးစက်တဲ့နေရာမှ ကူးစက်လာတဲ့သူက ပိုပြီးတော့ ကူးစက်နှုန်းရော၊ သေနှုန်းပါပိုပြီးမြင့်မားတယ်''ဟု ၎င်းကပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး

လည်း ထိခိုက်နစ်နာမှုများစွာရှိနေပြီး လက်ရှိအချိန်ထိ သွားလာခွင့်တရားဝင်ပိတ်ပင်ထားခြင်းမရှိသော်လည်း ဗိုင်းရပ်စ်ကို စိုးရိမ်သဖြင့် ဝင်ထွက်သွားလာမှုမရှိသလောက်ဖြစ်နေကြောင်းသိရသည်။

"ရောဂါတစ်ခုဆိုတာက ဘယ်ပိုးပဲဖြစ်ဖြစ် ရှင်သန်ဖို့ဆိုတာ သူတို့နဲ့သင့်တော်တဲ့ ပတ်ဝန်းကျင်၊ ရာသီဥတုတို့ရှိတယ်။ အခုကိစ္စမှာဖြစ်စတုန်းက သူတို့ဘက်မှာလည်း ရာသီဥတုက အေးတယ်၊ ဆရာတို့ဘက်မှာလည်း အေးတယ်။ အခုကျတော့ ပူလာပြီ၊ ပူလာပြီဆိုရင် ရောဂါပိုးကသေတယ်။ အပြင်ကိုရောက်ရင်တောင် မြန်မြန်သေလွယ်တဲ့အတွက် နောက်ပိုင်းပူလာပြီဆိုရင် ကူးစက်မှုနှုန်းလည်း နည်းသွားမယ်လို့ သုံးသပ်ထားတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ တရုတ်-မြန်မာနယ်စပ် ကုန်းတွင်းဝင်ပေါက်များ၌ အဓိကစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ပြည်သူများကို အသိပညာပေးမှုများ ယခင်ထက် ပိုမိုပြုလုပ်နေပြီး လူစုလူဝေးကဲ့သို့မဟုတ်ဘဲ အုပ်စုငယ်လေးများဖြင့် အသိပညာပေးမှုများ လုပ်ဆောင်မည် ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်က လားရှိုးမြို့ရှိ ဈေးကြီးငါးဈေးတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/135384.html

## သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၉၂ ဘီလျံကျော် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ယင်းအနက် ကုမ္ပဏီသုံးခုနုတ်ထွက်သွား




သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ပမာဏဒေါ်လာ ၁ ဒသမ ၉၂ ဘီလျံကျော် အထိ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ယင်းအနက် ကုမ္ပဏီသုံးခု နုတ်ထွက်သွားခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁၅ ခုအား ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၉၂ ဘီလျံကျော်ရှိကြောင်း၊ ယင်းအနက် ကုမ္ပဏီသုံးခုနုတ်ထွက်သွားခဲ့ပြီး လက်ရှိတွင်ကုမ္ပဏီပေါင်း ၁၁၂ ခုမှ ဒေါ်လာ ၁ ဒသမ ၉ ဘီလျံကျော်မြှုပ်နှံလျက်ရှိကြောင်း ဒုတိယဝန်ကြီးဦးအောင်ထူးကဆိုသည်။

ထိုင်းနိုင်ငံ လန်ချာဘန်ဆိပ်ကမ်းမှ သီလဝါဆိပ်ကမ်းအထိ ကွန်တိန်နာကားများ အပြန်အလှန်သွားလာနိုင်ရေး ဆောင်ရွက်နေသဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ တိုးတက်မှုပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားထားသည်။ "သီလဝါက နိုင်ငံနှစ်ခုက အစိုးရနှစ်ခုက ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ မြန်မာရယ်၊ ဂျပန်ရယ်၊ ဒီအစိုးရနှစ်ခုက ဘာကို Provide လုပ်လဲဆိုတော့ လိုအပ်တဲ့အခြေခံအဆောက်အအုံပိုင်းကိုလုပ်တယ်။ ရေ၊ မီး၊ ဆိပ်ကမ်းတွေလုပ်ပေးတယ်။ လုပ်ပေးတဲ့အခါ ရင်းနှီးမြှုပ်နှံသူတွေရဲ့အခြေခံလိုအပ်ချက်ကလည်း ဒါတွေပဲဖြစ်နေတယ်။ ဒါတွေ ပြည့်စုံတာနဲ့အမျှရင်းနှီးမြှုပ်နှံသူတွေက ရောက်လာတာတွေ့ရတယ်" ဟု ဒုတိယဝန်ကြီးဦးအောင်ထူးကဆိုသည်။ " ၃၀ ရက်ကဆိုရင် ထိုင်းနိုင်ငံလန်ချာဘန်ဆိပ်ကမ်းကနေ သီလဝါဆိပ်ကမ်းအထိ ကွန်တိန်နာ ကားတွေ အပြန်အလှန်သွားဖို့ လုပ်နေတာရှိနေပါတယ်။ ဆိုတဲ့အခါ သီလဝါရဲ့အနာဂတ်က ပိုပြီးကောင်းလာတဲ့ သဘောမှာ ရှိနေပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန်ဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ (MIC) က ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ကုန်ထုတ်လုပ်မှုလုပ်ငန်း ရာခိုင်နှုန်း ၈၀ ကျော်ဖြင့် အများဆုံးဖြစ်ပြီး အရောင်းအဝယ်လုပ်ငန်း ကိုးရာခိုင်နှုန်းနီးပါးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွင် ငါးရာခိုင်နှုန်းခန့်ပါဝင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ " သီလဝါအထူးစီးပွားရေးဇုန်မှာ ကုမ္ပဏီများကလုပ်ငန်းလည်ပတ်လျက်ရှိတဲ့ စက်ရုံအရေအတွက်

များလာတာနဲ့အမျှ ရေနံ့လျှော့ပ်စစ်ဓာတ်အားအသုံးပြုနှုန်းကလည်း တိုးတက်လာမယ်လို့မျှော်မှန်းထားပြီး အဲဒီလုပ်ငန်းတွေက ဝင်ငွေတိုးတက်လာမယ်လို့ သုံးသပ်ပါတယ်" ဟု Myanmar Thilawa SEZ Holdings Public Co.,Ltd (MTSH) ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။ " အနာဂတ်ကာလမှာ စီးပွားရေးအရ ယှဉ်ပြိုင်မှုတွေ ပိုမိုပြင်းထန်လာနိုင်သော်လည်း သီလဝါ အထူးစီးပွားရေးဇုန်ဟာ မြန်မာ-ဂျပန် နှစ်ဖက်အစိုးရအဖွဲ့များက ဖုန်နဲ့ဖုန်ပတ်ဝန်းကျင်မှာရှိတဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးဆောင်ရွက်နေတဲ့အတွက် သီလဝါအထူးစီးပွားရေးဇုန်ဟာ ရင်းနှီးမြှုပ်နှံသူများစီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံး နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမယ်လို့ ယုံကြည်ပါတယ်" ဟု ဦးဝင်းအောင်ကဆက်လက်ပြောကြားသည်။

**Source:** https://news-eleven.com/article/159621

## ကမ္ဘာ့ရေနံဈေး ဖေဖော်ဝါရီဒုတိယပတ်တွင် ၄၉ ဒေါ်လာအထိကျဆင်းခဲ့ပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်လအတွင်း ၁၂ ရာခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော်အထိကျဆင်း




ကမ္ဘာ့ရေနံဈေးသည် ဖေဖော်ဝါရီဒုတိယပတ်တွင် ၄၉ ဒေါ်လာ အထိကျဆင်းခဲ့ပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်လအတွင်း ၁၂ ရာခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများ အရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်း များပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက် တွင် ၄၂ ဒေါ်လာ ဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး၊ ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ခဲ့ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာ ဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင် ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ် လာ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဒေါ်လာ ၅၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။

ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ကျပ် ၈၆၀ (တစ် ဂါလန် ၃၉၀၉ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၇၀ (တစ်ဂါလန် ၃၉၅၅ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၇၇၀ ကျပ် (တစ်ဂါလန် ကျပ် ၃၅၀၀) အောက်တိန်း 95 Ron တစ်လီတာ ၈၈၅ ကျပ် (တစ်ဂါလန် ၄၀၂၃ ကျပ်) ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်တွင်ဖြစ်ပေါ်ခဲ့သော ဈေးနှင့်နှိုင်းယှဉ်ပါက စက်သုံးဆီဈေးနှုန်းများ တစ်လီတာ ၁၂၅ ကျပ်မှ ၁၃၅ ကျပ်အထိ ပြန်လည် ကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှအောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်း ကျော်အထိမြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန် တင် ဈေးနှုန်းများအနေဖြင့် ၂၀၁၈ အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင်ဈေးနှုန်း နောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံ ဒီဇယ်တစ်လီတာ ၈၅၅ ကျပ် (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၆၇၀ (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက် တိန်း 95 Ron တစ်လီတာ ကျပ် ၇၃၀ (တစ်ဂါ လန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက် သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက် ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ် မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ် ၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက် လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျ နည်းပါးခဲ့ကာ ဇွန် (၂၂ ရက်အထိ)တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀

အထိ ပြန်လည်ကျဆင်းခဲ့ သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည် မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက် မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင် ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ကျပ် ၁၀ မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ကျပ် ၁၀ မှ ၃၅ ကျပ် အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိမြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက် အ ထိတစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း တစ်လီတာ ကျပ် ၂၀ မှ ၃၀ အထိမြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အတွင်း တစ်လီတာ ၁၂၅ ကျပ်မှ ၁၃၅ ကျပ်အထိပြန်ကျခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင်ဖြစ်ပေါ်သော စက်သုံးဆီလက် လီဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၆၅၀ ကျပ် (တစ်ဂါလန် ၂၉၅၁ ကျပ်) ဖြစ်ရာ ၂၀၁၈ ခုနှစ် အောက်တို ဘာ ၁၀ ရက်ဈေးနှုန်းနှိုင်းယှဉ်ပါက လပေါင်း ၃၀ ကျော်အတွင်း ဒီဇယ် ၁၁၉ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၀၅ ရာခိုင်နှုန်း၊ 92 Ron ၉၄ ရာခိုင်နှုန်း၊ 95 Ron ၇၂ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/159666

## ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် မြိတ်ကျွန်းစုရေထွက်ကုန် ကဏန်းမည်းဈေးကျ

တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြိတ်ကျွန်းစု၏ရေထွက်ကုန်တစ်မျိုးဖြစ်သော ကဏန်းမည်းဈေးကွက် အရောင်းအဝယ်ရပ်တန့်နေ၍ အဝယ်ဒိုင်များနှင့်ဒေသခံရေလုပ်သားများ အခက်အခဲဖြစ်နေကြောင်းသိရသည်။ မြိတ်မြို့ မြိတ်တောင်နယ်မြေ ရွှေနှင်းဆီလမ်း ကဏန်းမည်းအဝယ်ဒိုင်မှ ဦးအေးလွင်က "အခုတရုတ်နိုင်ငံဝယ်လက်က လုံးဝရပ်နားထားတော့ အိမ်နီးချင်းထိုင်းနိုင်ငံဈေးကွက်ကလည်း ဈေးကောင်းမရတာကြောင့် အဝယ်ဒိုင်တွေနဲ့ ဒေသခံရေလုပ်သားအများစုအခက်အခဲတွေ အများကြီးဖြစ်ပေါ်နေတယ်"ဟုပြောဆိုသည်။ ယခင်က တရုတ်နိုင်ငံဝယ်လက်ဈေးကွက်ကို အဓိကထားတင်ပို့နေသည့် ကဏန်းမည်းဈေးကွက်သည် လက်ရှိအချိန်၌ အဝယ်ရပ်နားလိုက်ရချိန်ဖြစ်သကဲ့သို့ ထိုင်းနိုင်ငံဘက်မှလည်း ငွေဈေးများကျဆင်းနေခြင်းကြောင့် ရိုက်ခတ်မှုများဖြစ်ပေါ်နေကြောင်းသိရသည်။ 'အရင်တရုတ်ဈေးကွက်ကောင်းတုန်းက ကဏန်းလာရောင်းတာ တစ်ခေါက်ကို ကျပ်သုံးသိန်းကျော်ကနေ လေးသိန်းကျော်နီးပါးလောက်ရပါတယ်။ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်နေတဲ့အခြေအနေကြောင့် ဈေးတွေတော်တော်ကျသွားတယ်။ နောက်ဆုံးလာရောင်းတာ ကျပ်တစ်သိန်းကျော်ကနေ နှစ်သိန်းနီးပါးလောက်ပဲရတော့တယ်"လို့ ကျွန်းစုမြို့နယ်မှ ဒေသခံကဏန်းမည်း လာရောက်ရောင်းချသူ ဒေါ်တင်ထွေးက ပြောသည်။

ကဏန်းမည်းအဝယ်ဒိုင်မှ ဦးညီညီလင်းက "ပုံမှန်ဆိုရင် ဒီဘက်က ကဏန်းက တရုတ်နိုင်ငံကို အများဆုံးတင်ပို့ပါတယ်။ အခု ထိုင်းကလည်းဈေးမကောင်းဘူး၊ အရင်ဝယ်နေတဲ့ဈေးနဲ့ အခုဝယ်တဲ့ဈေး အများကြီးကွာနေတော့ ဂယက်ရိုက်ခတ်မှုတွေဖြစ်နေတယ်"ဟု ပြောသည်။ ကဏန်းမည်းဈေးကွက်တွင် ယခင်က တရုတ်နိုင်ငံသို့ ဂရမ် ၃၀၀ အထက်ရှိ အကောင်ကြီး တစ်ပိဿာကို ကျပ် ၂၆၀၀၀ အထိ ပေါက်ဈေးရှိရာမှ လက်ရှိထိုင်းဈေးကွက်တွင် ကျပ် ၂၀၀၀၀ ရှိပြီး ဂရမ် ၂၀၀ အထက် အကောင်တစ်ပိဿာကို ကျပ် ၂၁၀၀၀ ရှိရာမှ ယခု ကျပ် ၁၄၀၀၀ ပေါက်ဈေးရှိတော့ကြောင်း ကဏန်း အဝယ်ဒိုင်များမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/135336.html

## ကမ္ဘာ့ရွှေဈေးတက် မြန်မာ့ရွှေ ခပ်အေးအေး

ပြီးခဲ့အပတ်မှာတော့ ယူအက်စ်စတော့ရှယ်ယာဈေးကွက်နဲ့ ဒေါ်လာအညွှန်းကိန်းတွေ အတက်များခဲ့ပြီး ကမ္ဘာ့ရွှေဈေးကလဲ 1584$ အတက်ဈေးနဲ့ပိတ်ခဲ့ပါတယ်။ ကမ္ဘာ့ရေနံဈေးလဲ တစ်ပတ်တာအနိမ့်ဆုံးဈေး ရေနံတစ်စည် 49.5$ ကနေ သောကြာနေ့

မှာတော့ 52.23$ ထိတက်ခဲ့ပါတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ကိုရိုနာဗိုင်းရပ်စ်ဂယက်နဲ့အတူ 1590ကျော်ဖို့ အားယူနေတဲ့ အနေထားပါ။ နယ်စပ်ကုန်သွယ်စီးဆင်းမှုမရှိသလောက်ဖြစ်နေတာကြောင့် ပြည်တွင်းဒေါ်လာဈေးကတော့ ဆက်အေးနေပြီး မနေ့ကတော့ 1445-48 ကြားထဲအရောင်းဝယ်ဖြစ်ခဲ့ပါတယ်။ ဗဟိုဘဏ်ကတော့ ၁၄ရက်နေ့မှာ ဒေါ်လာ ၃သန်းကို 1448.8 ကျပ် နှုန်းနဲ့ ဝယ်ယူခဲ့ပါတယ်။ ပြည်တွင်းရွှေဈေးကတော့ ဒေါ်လာဈေးအေးတာကြောင့် ကမ္ဘာ့ရွှေဈေးတက်သလောက်လိုက်မတက်ပဲ ခပ်အေးအေးသာရှိနေပြီး မနေ့ကဈေးကွက်ပိတ်ချိန် ညနေ ၄ နာရီမှာတော့ 1219300 ဈေးနဲ့ပိတ်ခဲ့ပါတယ် လို့ ဈေးကွက် လေ့လာသုံးသပ်သူ ကိုသူရထွန်းကပြောပါတယ်။

ဖေဖော်ဝါရီ ၁၅ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၂၁၀၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ်၁၂၂၁၀၀၀။ ဖေဖော်ဝါရီ ၁၄ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၂၁၀၀၀ ဖြစ်ပါတယ်။ မန္တလေးဈေးတစ်ကျပ်သားကို ကျပ် ၁၂၂၁၀၀၀။ ဖေဖော်ဝါရီ ၁၃ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေးတစ်ကျပ်သားကို ကျပ်၁၂၁၉၅၀၀ ပါ။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ်၁၂၁၉၅၀၀။ ဖေဖော်ဝါရီ ၁၂ ရက်က အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၁၇၀၀၀ ၊ မန္တလေးဈေး တစ်ကျပ်သားကို ကျပ်၁၂၁၇၀၀၀ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၁၁ ရက်က အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၂၁၀၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ် ၁၂၂၁၀၀၀ ဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၁၅ရက် တစ်အောင်စကို ၁၅၈၄ ဒေါ်လာဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၁၄ ရက် တစ်အောင်စကို ၁၅၇၅ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၃ ရက် တစ်အောင်စကို ၁၅၇၄ ဒေါ်လာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက် တစ်အောင်စကို ၁၅၆၈ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၁ ရက် တစ်အောင်စကို ၁၅၆၉ ဒေါ်လာ ဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-37164

## ကြက်သွန်ဈေးမြင့်တက်နေသဖြင့် ကြက်သွန်စိုက်တောင်သူများ အကျိုးအမြတ်ရနေ

မြန်မာပြည်တွင်းမှာ ကြက်သွန်ဈေးတွေမြင့်တက်နေလို့ ကြက်သွန်စိုက်သူတွေ အရင်နှစ်ကထက် နှစ်ဆကျော် အကျိုးအမြတ်ရရှိနေတယ်လို့ ကြက်သွန်စိုက်တောင်သူတွေကပြောပါတယ်။ မုံရွာမြို့နယ်၊ ကိုးပင်ကျေးရွာက ကြက်သွန်စိုက် တောင်သူ ဦးစန်းဝင်းက “ဒီနှစ်က ပိုးကျတာလည်း မရှိသလောက်ပဲ။ ဈေးကလည်း မမျှော်မှန်းတဲ့ဈေးတွေရနေတယ်။ အရင်နှစ်ကာ ပိဿာကို ၆၀၀ ကျပ် ဝန်းကျင်ပဲ ရှိတယ်။ ဒီနှစ်တော့ ၁၂၀၀ ဝန်းကျင်ထိ တောထဲပေါက်ဈေးရနေတယ်။ စောစောစိုက် စောစောပေါ်တဲ့သူတွေအဆင်ပြေကြတယ်။ လှိုင်လှိုင်တော့မပေါ်သေးဘူး။ မြေဝှားစိုက်တဲ့သူကော၊ တောင်သူ တွေပါ အကုန်လုံးအဆင်ပြေကြတယ်ပေါ့။”လို့ပြောပါတယ်။

ကြက်သွန်ကို မုံရွာမြို့နယ်က ကျေးရွာတချို့မှာ စောစိုက်တဲ့ တောင်သူတွေကတော့ စတင် ဖော်နေကြပြီဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံကကြက်သွန်ကို ဘင်္ဂလားဒေ့ရှ်က အဓိကဝယ်ယူနေတာပါ။ တရုတ်ဘက်ကတော့ လတ်တလော ဖြစ်ပွားနေတဲ့ ဝူဟန် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လမ်းကြောင်းပိတ်ထားတာတွေရှိတဲ့အတွက် အရောင်းအဝယ် နည်းပါးနေ ပါသေးတယ်။

ပုံမှန်အားဖြင့် ကြက်သွန်က တပေါင်းလမှာသာဖော်ကြပေမယ့် ဈေးကွက်အမီရချင်တဲ့အတွက် ၁ လလောက်စောပြီး တူးဖော်နေကြပါတယ်။ အဲလိုတူးဖော်တာတွေကြောင့် ကြက်သွန်အထွက်နှုန်းလျော့ကျတာတွေရှိပေမယ့် ဈေးကွက် မြင့်တက်တဲ့အတွက် အဆင်ပြေတယ်လို့ ကြက်သွန်စိုက်သူတွေကပြောပါတယ်။ ကြက်သွန်ကပုံမှန်အားဖြင့် ၁ ဧကကို ပျမ်းမျှ ပိဿာချိန် ၅၀၀၀ ဝန်းကျင် ထွက်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ပိုင်းအတွင်းက ကြက်သွန်ဈေးကွက်မကောင်းတဲ့အတွက် အရှုံးပေါ်တာတွေလည်း ရှိခဲ့ပါသေးတယ်။

**Source : DVB**

https://news.ydnp.net/330249/

## မြန်မာ့ရိုးရာ ပန်းပုလုပ်ငန်း ပြည်ပဈေးကွက်ထိုးဖောက်ရန် လိုအပ်ချက်များရှိနေ

မြန်မာ့ရိုးရာပန်းပုလုပ်ငန်းမှာ အခြေခံကုန်ကြမ်းပစ္စည်းဖြစ်တဲ့ သစ်မာတွေ အလွယ်တကူဝယ်ယူရရှိရေး၊ လုပ်ငန်းလိုင်စင်တွေရရှိရေး၊ ကျွမ်းကျင်တဲ့ပန်းပုပညာရှင်တွေ ပေါ်ထွက်လာစေရေး၊ ကောင်းမွန်တဲ့ဈေးကွက်တခု ဖြစ်ပေါ်လာစေရေးတို့အတွက် အခက်အခဲလိုအပ်ချက်တွေ ရှိနေသေးတယ်လို့သိရပါတယ်။ ပန်းပုပညာရှင်တဦးဖြစ်တဲ့ ကိုရှိန်းလူက "ကျနော်တို့ မြန်မာ့ပန်းပုလုပ်ငန်းက လက်ရှိ ပြည်တွင်းဈေးကွက်မှာ တန်ဖိုးမြင့်မြင့်မားမား နေရာမယူနိုင်သေးပါဘူး။ ဒါကြောင့် ပြည်ပ ဈေးကွက်ကို စွန့်ပစ်ပစ္စည်းတွေကတဆင့် တန်ဖိုးမြင့် အချောထည်ပစ္စည်းအဖြစ်ကို ပြောင်းလဲပြီး အဆင့်အတန်းမီမီ ထိုးဖောက်ဝင်ရောက်နိုင်ဖို့အတွက် လိုအပ်ချက်တွေရှိနေသေးတယ်။ နောက်ပြီး မျိုးဆက်သစ် ပန်းပုပညာရှင်အရေအတွက်ကလည်း နည်းပါးလာတယ်"လို့ ပြောပါတယ်။

ပန်းပုရုပ်တခု ပြုလုပ်ရာမှာ သစ်တိုသစ်စ၊ သစ်မြစ်ဆုံ၊ သစ်ငုတ်တို၊ သစ်ဆွေးကအစအသုံးပြုလို့ရပြီး ပန်းပုထုရာမှာ အကောင်းဆုံးသစ်အမျိုးအစားတွေက တောကြီးပိတောက်၊ တမလန်း၊ ကျွန်း၊ ကုက္ကို၊ ပိတောက်၊ ယင်းတိုက်သားတွေကို အဓိကထား အသုံးပြုကြကြောင်းသိရပါတယ်။ သုဝဏ္ဏဝတီမြို့ရှိ အကောင်းလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကျော်ဝေက "ပထမ သစ်သားပန်းပု အရောင်းဆိုင် ဖွင့်မယ်ဆိုပြီး ရည်ရွယ်ထားတာ တနှစ်ကျော်နေပါပြီ။ အခုဆို အရုပ်တော်တော်လေးတော့ စုဆောင်းရရှိပါပြီ။ ပြည်တွင်းက ပန်းပုပညာရှင်တွေကို ခေါ်ယူပြီးတော့ သူတို့ရဲ့အနုပညာလက်ရာအပေါ် ကြည့်ပြီး ထိုက်သင့်တဲ့ အခကြေးငွေ ချီးမြှင့်ပေးပါတယ်။ လိုအပ်တဲ့သစ်ကုန်ကြမ်းကိုလည်း ဒေသထဲမှာ လိုက်လံရှာဖွေဝယ်ယူရရှိလို့ သစ်သားပန်းပုရုပ်တွေထုလုပ်နေတာပါ။ ဈေးကွက်အခြေအနေ ကောင်း၊ မကောင်းမသိရသေးဘူး။ စားသောက်ဆိုင်တွေက အော်ဒါမှာယူတဲ့ အလှဆင်ပန်းပုရုပ်တွေကို ဈေးနှုန်းသင့်တင့်စွာနဲ့ ရောင်းချပေးပါတယ်"လို့ ပြောပါတယ်။

မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး အသင်းဝင် ကိုရဲနိုင်က "အခု ဒီမြို့မှာ အဖွဲ့လိုက်လာပြီး နေထိုင်၊ စားစရိတ်ငြိမ်းနဲ့ ပန်းပုရုပ်တွေ ထုလုပ်ပေးနေတာပါ။ သူ့အရည်အချင်းအလိုက် လုပ်အားခတော့ မတူညီဘူး။ ကိုယ်ထုလုပ်ပြီးစီးတဲ့ ပန်းပုရုပ်ပေါ်မူတည်ပြီး လက်ခရပါတယ်။ လိုအပ်တဲ့ သစ်ကုန်ကြမ်းတွေရဖို့နဲ့ လုပ်ငန်းလိုင်စင်ရရှိဖို့ ဆောင်ရွက်ရတာခက်ခဲပေမယ့် ထုလုပ်ပြီးတဲ့ ကုန်ချောပန်းပုရုပ်တွေကို နိုင်ငံတော်က လွတ်လပ်စွာ ရောင်းဝယ်ခွင့်တော့ပေးထားပါတယ်" လို့ ပြောပါတယ်။

မြန်မာ့ရိုးရာ ပန်း ၁၀ မျိုးတွင်ပါဝင်သော ပန်းပုပညာရပ်ကို နိုင်ငံတော်က အသိအမှတ်ပြုအားပေးပြီး သစ်သားပန်းပုပြိုင်ပွဲတွေ ကျင်းပဆောင်ရွက်ပေးနေပြီး အရည်အသွေးမြင့်ရရှိလာတဲ့ သစ်သားပန်းပုအချောထည်တွေကို လက်မှုနှင့် စက်မှုပညာပေါင်းစပ်ကာ လက်မှုနှင့်ထုလုပ်ထားတဲ့ လက်ရာကောင်းရုပ်တုတွေကိုတော့ စက်ဖြင့်ပုံစံထုတ်မိုလောင်းပြီး ပုံစံတူ သစ်အရွယ်အစားအလိုက် အရေအတွက်များစွာကို ထုတ်လုပ်နိုင်တယ်လို့သိရပါတယ်။

**Source: DVB TV News**

http://burmese.dvb.no/archives/372044

## မြန်မာနိုင်ငံမှ ပဲနီလေးများဝယ်ယူလိုကြောင်း ဒူဘိုင်းမြို့အခြေစိုက် Grand Hyper Supermarket မှ အဆိုပြုလာခြင်း

အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းမြို့ အခြေစိုက် Grand Hyper Supermarket မှ Mr.Ibtisam Jamaluddin, Business Associate (Mobile: +918447288912, Email: ibtisamj996@gmail.com) က ၎င်းတို့ကုမ္ပဏီသည် အရှေ့အလယ်ပိုင်းဒေသတွင် စူပါမားကက်ဆိုင်ခွဲပေါင်း ၆၀ ကျော်ဖွင့်လှစ်ထားရှိလျက် လက်လီရောင်းချမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံမှ ပဲနီလေး( Red Lentils )များအား လစဉ် ပေ ၂၀ အရွယ်အစားရှိ ကွန်တိန်နာတစ်လုံး ဝယ်ယူလိုကြောင်း မြန်မာသံရုံးသို့ အဆိုပြုလာခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## မြန်မာ့ပဲမျိုးစုံ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်မှုအခြေအနေ

အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရာတွင် မိမိနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံအား အိန္ဒိယဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေးသည် မြန်မာနိုင်ငံအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်ရာ အိန္ဒိယအစိုးရက ပဲမျိုးစုံအား ကန့်သတ်တင်သွင်းကုန်စည်အဖြစ်သတ်မှတ်၍ ကိုတာခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုခြင်းကို စတင်ဆောင်ရွက်ခဲ့သည့်နောက်ပိုင်း၌ မြန်မာနိုင်ငံဘက်မှ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးက အိန္ဒိယပဲဈေးကွက်သို့ ဝင်ရောက်နိုင်မှု ခိုင်မာအားကောင်းစေရေးအတွက် ပိုမိုတွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံအစိုးရအဖွဲ့အစည်းများအကြား ပဲမျိုးစုံ ရောင်းဝယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အဆိုပြုသဘောတူစာချုပ်မူကြမ်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနနှင့်ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနတို့ထံပေးပို့ခဲ့ပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉-၂၀၂၀ ခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးထားရှိပြီး မတ်လ လဆန်းပိုင်းခန့်၌ထွက်ရှိမည့် မြန်မာနိုင်ငံမှ မတ်ပဲများအား အိန္ဒိယ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကာလသတ်မှတ်ချက်နှင့်အညီ အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းသို့ အရောက်တင်ပို့နိုင်ရန်ခက်ခဲမှုအပေါ် အချိန်ကာလတစ်ရပ်တိုးမြှင့်ပေးရေး စဉ်းစားဆောင်ရွက်ပေးပါရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံအမတ်ကြီးထံသို့ မေတ္တာရပ်ခံစာပေးပို့ခဲ့ပါသည်။ ထို့အပြင် ၎င်းစာမိတ္တူအား အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသို့လည်း မြန်မာသံရုံး၊ နယူးဒေလီမြို့မှတစ်ဆင့် ပေးပို့ထားပါသည်။

မြန်မာသံရုံးမှ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ အာဆီယံဌာနခွဲသို့ အလွတ်သဘော ဆက်သွယ်မေးမြန်းဆွေးနွေးမှုများအရ အဆိုပါဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် မတ်ပဲများအား ကာလတိုးမြှင့်တင်သွင်းခွင့်ပြုနိုင်ရေး ၂၀၂၀ ပြည့်နှစ် မေလအထိ အချိန်တိုးမြှင့်ပေးရန် ဌာနအတွင်း၌ ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ၎င်းကိစ္စရပ်အား သတ္တမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးမည့် အခြေအနေရှိကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## အိန္ဒိယပဲဈေးကွက်သုံးသပ်ချက်

အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မုတ်သုံရာသီကာလတွင် မိုးသီးနှံမတ်ပဲစိုက်ခင်းများ ထိခိုက်ပျက်စီးမှုများပြားခြင်း၊ ဆောင်းသီးနှံပဲတီစိမ်း စိုက်ဧကများလျော့ကျခြင်းတို့ကြောင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ် ထုတ်လုပ်မှုပမာဏအောက် လျော့နည်းကျဆင်းလျက် ပြည်တွင်းဈေးကွက် လိုအပ်ချက်မြင့်တက်လာဖွယ်ရာရှိပါသည်။ သို့ဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ်တွင် ပြည်ပမှပဲတင်သွင်းမှုပမာဏကို ပိုမိုတိုးမြှင့်ရမည့်အနေအထားရှိပြီး ၂၀၁၉-၂၀၂၀ ခုနှစ် သီးနှံရာသီကာလ၌ ထွက်ရှိသည့် မြန်မာ့ပဲမျိုးစုံအား အိန္ဒိယဈေးကွက်သို့ တင်ပို့ရောင်းချရန် အလားအလာကောင်းမွန်မှုရှိနေဦးမည်ဟု သုံးသပ်ရပါသည်။ သို့ရာတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သည့် အခြားသော ဈေးကွက်ယှဉ်ပြိုင်ဘက်များရှိခြင်း၊ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှု၊ ရာသီဥတုနှင့် ဈေးကွက်ဈေးနှုန်း အခြေအနေများက သွင်းကုန်ဆိုင်ရာမူဝါဒကို ပြောင်းလဲမှုဖြစ်ပေါ်စေနိုင်ခြင်းတို့ကြောင့် ကာလရှည်တွင် မြန်မာ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဈေးကွက်ခိုင်မာစွာရရှိစေမည့် Contract Farming ကဲ့သို့သော လုပ်ငန်းအစီအစဉ်များ ဖော်ဆောင်လုပ်ကိုင်နိုင်ရေးကို အိန္ဒိယနိုင်ငံရှိ အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့်ပဲမျိုးစုံအား တိုးမြှင့်တင်ပို့လျက် ကုန်သွယ်မှု မြင့်တင်နိုင်ရေး နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ရာတွင် အောက်ပါအချက်များအား အလေးဂရုပြု၍ ဆွေးနွေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်-

(က) အိန္ဒိယအစိုးရအနေဖြင့် လက်ရှိစနစ်အတိုင်း Quota ခွဲတမ်းသတ်မှတ်လျက် တင်သွင်းခွင့်ပြုမည်ဆိုပါက

ကန့်သတ်တင်သွင်းမည့် ပဲတန်ချိန်ပမာဏကို ဘဏ္ဍာနှစ် မစတင်မီ ဆောလျင်စွာထုတ်ပြန်ပေးရေး

(ခ) ပဲတင်သွင်းခွင့်ပြုသည့် အချိန်ကာလအား ကာလတိုကန့်သတ်ခြင်းမပြုပဲ ၁ နှစ်ပတ်လုံး တင်သွင်းခွင့်ပြုရေး

(ဂ) ကာလရှည်တွင် အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရေးကို အားကောင်းခိုင်မာစေမည့် နှစ်နိုင်ငံအကြား ပဲမျိုးစုံရောင်းဝယ်ရေးသဘောတူစာချုပ်အား အပြီးသတ်ညှိနှိုင်းလျက် လက်မှတ်ရေးထိုးနိုင်ရေး သက်ဆိုင်ရာ အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့ အစည်းများသို့ တွန်းအားပေးဆောင်ရွက်ရေး

(ဃ) နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပဲမျိုးစုံ ကုန်သွယ်ရောင်းဝယ်မှုကို မြှင့် တင်ဆောင်ရွက်နိုင်ရေး

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (17.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 8,630 | 98,399,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | -50 | -1.25% | 3,950 | 4,000 | 3,950 | 6,931 | 27,677,650 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 23,000 | 23,000 | 23,000 | 34 | 782,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 361 | 1,046,900 | 12,823,224 | 37,187 |

### Market summary

As of 17th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.96 | +9.38 | +2.03% | 461.06 | 472.39 | 461.06 | 15,956 | 127,905,550 | 5 | 644,899 |

**Index chart**



# Market Overview

As of 1:00 pm, 17th Feb. 2020

| MYANPIX | 470.96 ▲ 9.38 |
| --- | --- |
| Total Volume (shares) | 15,956 |
| Total Value (MMK) | 128 mil |
| Listed Company | 5 |
| Market Cap. (MMK) | 644,899 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,950 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,900 | ▲ 0 |

TIR